# တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။)
## ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

၁။ ဤဥပဒေကို **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က) ၌ "တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာ ကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် အနောက်တိုင်းဆေး များ မပါဝင်ဘဲ ပြည်တွင်းတွင် ဖော်စပ်သည့်ပစ္စည်းကို ဆိုသည်။" ဟု အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဌ) ၌ ပါရှိသော "ဆေးမြီးတို" ဆိုသည့် စကားရပ်ကို "အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဍ)၊ (ဎ)၊ (ဏ) နှင့်(တ) တို့အဖြစ် ပြောင်းလဲသတ် မှတ်ရမည်။

၃။ တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၃၁ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ် သုံးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၃ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် ငါးသောင်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၄၃ တွင် ပုဒ်မခွဲ (က) ၌ ပါရှိသော "၊လုပ်ထုံးလုပ်နည်းများ"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ (ခ) ၌ "ညွှန်ကြားချက်" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် လုပ် ထုံးလုပ်နည်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)